Burmese | မြန်မာ

AccessPay
a Smart™ company

သတင်းကောင်း
လစာငွေဆိုင်ရာအကျိုးခံစားခွင့်ဖြင့် ငွေသက်သာအောင် စတင်လုပ်ပါ

လစာငွေဆိုင်ရာ အကျိုးခံစားခွင့်ဆိုသည်မှာ သင်ပေးဆောင်ရသည့် ဝင်ငွေခွန် လျှော့ချခြင်းအတွက် အရေးပါသော သုံးစွဲငွေများအပေါ် ငွေပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။ လစာငွေဆိုင်ရာ အကျိုးခံစားခွင့်လုပ်ခြင်းကို ရွေးချယ်ခြင်းဖြင့် သင်သည် သင်၏ ဝင်ငွေခွန်မဖြတ်မီလစာငွေအချို့ဖြင့် သင်၏အသုံးစရိတ်များ ပေးချေရန် အသုံးပြုနိုင်ပါသည်။ ကျန်ရှိနေသောလစာငွေအတွက်သာ ဝင်ငွေခွန် ပေးရသောကြောင့်၊ သင်၏ဝင်ငွေခွန် လျှော့နည်းသွားပြီး သင်ရမည့်လစာငွေ ပိုလာပါမည်။

မည်သည့် လစာငွေဆိုင်ရာ အကျိုးခံစားခွင့်လုပ်နိုင်သနည်း။ လစာငွေဆိုင်ရာ အကျိုးခံစားခွင့်လုပ်ရန် အသုံးအများဆုံး အသုံးစရိတ် သုံးမျိုးမှာ -

၁၊ ပုံမှန်အသုံးစရိတ်များ-
တစ်နှစ်လျှင် ဒေါ်လာ ၁၅,၉၀၀ အထိ[၁] (နှစ်ပတ်တစ်ကြိမ်ဒေါ်လာ ၆၁၁.၅၄နှင့်ညီမျှသော) ကို သင်၏ ဝင်ငွေခွန် မဖြတ်မီလစာငွေမှ သုံးစွဲနိုင်ပြီး အောက်ပါတို့ ပါဝင်သည်-

- အိမ်ငှါးခ သို့မဟုတ် အိမ်အကြွေးပြန်ဆပ်ငွေများ
- အကြွေးဝယ်ကတ် နှင့် ကိုယ်ရေးသုံးချေးငွေပြန်ဆပ်ငွေများ
- ဓာတ်ငွေ့နှင့် လျှပ်စစ်မီးဖိုးကဲ့သို့ အိမ်သုံးစရိတ်များ
- ဓာတ်ဆီနှင့် ကားမှတ်ပုံတင်ကြေးအပါအဝင် ကားစရိတ်များ

၂၊ ဧည့်ခံစရိတ် အကျိုးခံစားခွင့်များ-
တစ်နှစ်လျှင် ဒေါ်လာ ၂,၆၅၀ထိ[၁]၊ ဧည့်ခံစရိတ် အကျိုးခံစားခွင့်များသည် နေ့စဉ် ဝယ်ယူခြင်းများသာမကသော ဝယ်ယူခြင်းများဖြစ်ကြပြီး ပါဝင်သည်မှာ-

- စားသောက်ဆိုင်၊ ကော်ဖီဆိုင် သို့မဟုတ် ဟိုတယ်တွင် သုံးဆောင်သည့် အစားအသောက်များ
- အပန်းဖြေခရီး ကားငှါးခြင်း နှင့်/သို့မဟုတ် တည်းခိုခြင်း
- ဧည့်ခံပွဲခမ်းမ ငှါးရမ်းခြင်း
- ပုဂ္ဂလိကအခမ်းအနားများအတွက် ပေးချေရသည့် ပြင်ပအစားအသောက်စရိတ်များ

၃၊ ကား (အသစ် သို့မဟုတ် အဟောင်း)
ကားတစ်စီးကို လစာငွေဆိုင်ရာ အကျိုးခံစားခွင့်လုပ်ခြင်း–နိုဗိတ်တက် ငှားရမ်းဝယ်ယူစနစ်ဟုလည်း ခေါ်ဝေါ်ကြသည့် အကျိုးခံစားခွင့်–သည် ကားတစ်စီး ဝယ်ယူသုံးစွဲရန် ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်း တစ်ခု ဖြစ်ပါသည်။ အခြား လစာငွေဆိုင်ရာ အကျိုးခံစားခွင့်လုပ်သည့်အစီအစဉ်များနည်းတူ ကားတန်ဖိုးနှင့် ကားသုံးစွဲစရိတ်များအပေါ် အခွန်ပေးဆောင်မှုများအတွက် သိသိသာသာ သက်သာနိုင်ပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံတစ်ဝှမ်း ကြီးကျယ်သော ဝယ်နိုင်စွမ်းနှင့် ဝယ်ယူသည့်တန်ဖိုး နှစ်မျိုးလုံးအပေါ် ကုန်စည်နှင့်ဝန်ဆောင်ခွန် မပေးရခြင်းကြောင့် သင်သည် ကားမရယူမီမှာပင် ထောင်နှင့်ချီ၍ သက်သာနိုင်ပါသည်။

သင့်ငွေများကို သင်လိုအပ်သည့် အချိန်တိုင်းနှင့် နေရာတိုင်းတွင် ရယူသုံးစွဲပါ

လစာငွေဆိုင်ရာ အကျိုးခံစားခွင့်နှင့် အစားအသောက်ဧည့်ခံစရိတ်နှစ်မျိုးလုံးပါသည့် AccessPay ကတ်[၂]သည် သင့်အား သင်၏ လစာငွေဆိုင်ရာ အကျိုးခံစားခွင့်ငွေကို ချက်ချင်း ရယူသုံးစွဲနိုင်ပါသည်။ ထို့ကြောင့် AccessPay ကတ်အားဖြင့် သင်သည် အိတ်စိုက်ပေးရန်မလိုဘဲ လိုအပ်ချိန်၌ ပေးနိုင်ပါသည်။ မိမိတို့၏ နေစဉ် ငွေသက်သာရေး အစီအစဉ်အရ ငွေသက်သာမှုများနှင့် အထူးလျှော့စျေး ကမ်းလှမ်းချက်များကိုလည်း ရရှိမည်ဖြစ်ပါသည်။

သင် ငွေမည်မျှ သက်သာနိုင်မည်နည်း။

ဗနက်ဆာသည် တစ်နှစ် လစာငွေ ဒေါ်လာ ၄၅,၀၀၀ ရသည်။

သူသည် နေ့စဉ်အသုံးစရိတ်အတွက် နှစ်ပတ် ဒေါ်လာ ၆၁၁.၅၄ ဖြင့် လစာငွေဆိုင်ရာ အကျိုးခံစားခွင့် လုပ်ထားသည်။

ဤသို့ဖြင့် သင် ရမည့်လစာငွေမှာ တစ်နှစ် ဒေါ်လာ ၃,၁၃၄ ပိုများလာမည်ဖြစ်သည်[၃]။

စတင်လုပ်ဆောင်ရန်

- AccessPay အကြံပေးတစ်ဦးနှင့် **ရက်ချိန်းယူရန်** ဤနေရာ**တွင် နှိပ်ပါ**။
- **အွန်လိုင်းစာရင်းဖွင့်ရန်**ဤနေရာ**တွင် နှိပ်ပါ**။
- **ပုံစံဖြည့်ရန်**ဤနေရာ**တွင် နှိပ်ပါ**။

သတင်းအချက်အလက် ပိုမိုလိုအပ်ပါသလား။
ဝက်ဘ်ဆိုက် **accesspay.com.au** တွင် ဝင်ကြည့်ပါ သို့မဟုတ် **၁၃၀၀ ၁၃၃ ၆၉၇ သို့ဖုန်းခေါ်ပါ။**

ဤအချက်အလက်စာစောင်ပါ သတင်းအချက်အလက်များမှာ ပုံမှန်သဘောတရားများသာ ဖြစ်ပြီး၊ သင့်အလုပ်ဌာန၏ မူဝါဒရေးရာ သို့မဟုတ် သင်၏ ကိုယ်ရေးအကြောင်းအခြေအနေများကိုရည်ညွှန်းခြင်း မရှိဘဲ တင်ပြထားပါသည်။ လစာငွေဆိုင်ရာ အကျိုးခံစားခွင့်လုပ်ခြင်းမှာ သင့်အတွက် သင့်တော်သည် ဟုတ်/မဟုတ် မသေချာပါက သီးခြား ငွေကြေးအကြံဉာဏ် တောင်းခံသင့်ပါသည်။[၁] ဤအခွန် မစည်းကြပ်သည့်ငွေသည် အလုပ်ရှင်မှပေးသည့် လစာ မဟုတ်သော ခံစားခွင့်ဖြစ်သောကြောင့် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်တွင်ကျရောက်သည့် FBT နှစ်နှင့်အကျုံးဝင်ပါသည်။[၂] လစာငွေဆိုင်ရာ အကျိုးခံစားခွင့်နှင့် အစားအသောက်ဧည့်ခံစရိတ်ပါဝင်သည့် AccessPay ကတ်သည် ငွေကြိုဖြည့်၊ ထပ်ဖြည့်နိုင်ပြီး EML Payment Solutions Limited ABN 30 131 436 532 AFSL 404131 က ထုတ်ပေးထားသော မာစတာကတ် ဖြစ်သည်။ အဆိုပါကတ်သည် သင့်အတွက် သင့်တော်သည် ဟုတ်/မဟုတ် ဆုံးဖြတ်ပါ။ ကုန်စည် စည်းကမ်းဖော်ပြ ထုတ်ပြန်ချက် (Product Disclosure Statement (PDS)) နှင့် ဈေးကွက် အဆုံးအဖြတ် လျာထားချက် (Target Market Determination) ကို ဝက်ဘ်ဆိုက် accesspay.com.au တွင် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မချမှတ်မီ ဖတ်ရှုပါ။ မာစတာကတ်နှင့် မာစတာကတ်အမှတ်တံဆိပ်တို့သည် မှတ်ပုံတင်ထားပြီး စီးပွားရေးအမှတ်တံဆိပ်များ ဖြစ်သည့်အပြင်၊ စက်ဝိုင်းပုံများမှာ မာစတာကတ် အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်း ၏ အမှတ်တံဆိပ်ဖြစ်ပါသည်။[၃] တွက်ချက်ခြင်းများကို အများဆုံးအသုံးစရိတ်အပေါ် မူတည်၍ ကုန်စည်နှင့်ဝန်ဆောင်ခွန် မပါရှိဘဲ ၂၀၂၄-၂၀၂၅ ဝင်ငွေခွန် နှုန်းထားများအပေါ် အခြေခံထားပါသည်။ ပညာရေးကြွေးမြီ သို့မဟုတ် အခြားအစိုးရခံစားခွင့်များကဲ့သို့ တစ်ဦးချင်း ငွေကြေး အခြေအနေများကို ထည့်သွင်းထားခြင်း မရှိပါ။ အခကြေးငွေများ မပါဝင်ပါ။ ၂၀၂၄၀၇